ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ

P. O Box 144 Mae Sot Tak 63110 Thailand Tel (66) 07 2109554, (66) 07 8492621 Email: ccrpaburma@csloxinfo.com

## ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ – ကြေညာချက် (၁/၀၄)။

၁။ မြန်မာနိုင်ငံရေးနေများကောင်စီသည် ဖွံ့စည်းပုံအခြေခံဥပဒေရေးရာများနှင့်စပ်လျဉ်း၍ စာစောင်စာတမ်းများ ထုတ်ဝေဖြန့်ချိခြင်း၊ သင်တန်းများပို့ချခြင်း၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ရေဒီယိုအသံလွှင့်ဆောင်းပါးများရေးသားကာ လူထုပညာပေးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ဖွံ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးလုပ်ငန်းစဉ်များ၌ ပါဝင်အကြံပေးခြင်းစသည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လာခဲ့သော အဖွဲ့အစည်းဖြစ်ပါသည်။

၂။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)သည် ပြည်တွင်းရှိအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးလုပ်ငန်းစဉ်များကို နယ်စပ်အခြေပြုတိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစုများအကြားတွင်လည်းကောင်း၊ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီရေးကိုချစ်မြတ်နိုးသည့် နိုင်ငံတကာရောက်မိမိနိုင်ငံသားများနှင့် နိုင်ငံတကာ မိသားစုများအကြားတွင်လည်းကောင်း ဖော်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်ပါသည်။

၃။ န အ ဖ စစ်အုပ်စုသည်ပြည်သူလူထုထံမှ သဘောထားဆန္ဒများရယူခြင်း ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခြင်းများလုံးဝမရှိပဲ၊ ၎င်းတို့စိတ်ကြိုက်ချမှတ်ထားသောဦးတည်ချက်မူဝါဒများ၊ အကန့်အသတ်များ၊ ဘောင်ခတ်ထားမှုများအကြားမှ အတုအယောင်အမျိုးသားညီလာခံကိုကျင်းပကာ ဖွံ့စည်းပုံအခြေခံဥပဒေတရပ်ရေးဆွဲအတည်ပြု ကျင့်သုံးတော့မည်ဖြစ်ပါသည်။

၄။ န အ ဖ စစ်အုပ်စု၏လုပ်ငန်းစဉ်အောင်မြင်သွားလျှင် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှု အာဏာ တည်းဟူသော တိုင်းပြည်၏အချုပ်အချာအာဏာကြီးသုံးရပ်ကိုအသုံးပြုခွင့်ရရှိစေမည့် ဖွံ့စည်းပုံအခြေခံ ဥပဒေတရပ် ပေါ်ပေါက်လာပြီး၊ စစ်အာဏာရှင်စနစ်မြန်မာနိုင်ငံ၌သက်ဆိုးရှည်ကာ စစ်ခေါင်းဆောင်များအနေဖြင့် တိုင်းပြည်ကို တရားဝင် အုပ်ချုပ်ခွင့်ရသွားနိုင်ပါသည်။ သို့ဖြစ်လျှင် တိုင်းပြည်၏လက်ရှိရင်ဆိုင်နေရသောအထွေထွေ အကျပ်အတည်းများကို ကျော်လွှားနိုင်မည်မဟုတ်သည့်အပြင် ပြည်သူလူထု၏အခြေအနေမှာ ယခုထက်ပို၍ အဆများစွာ ဆိုးရွားသွားတော့မည် ဖြစ်ပါသည်။

၅။ ၎င်းအခြေအနေအရပ်ရပ်ကို မပေါ်ပေါက်စေရန်မှာ လူ့အခွင့်အရေးနှင့်ဒီမိုကရေစီရေးကိုချစ်မြတ်နိုး၍ လွတ်လပ်မှုနှင့်တရားမျှတမှုကိုဖော်ဆောင်လိုသော မြန်မာနိုင်ငံသားတိုင်းတွင်တာဝန်ရှိပါသည်။ အဆိုပါတာဝန်ကို တစုံတရာ ထမ်းဆောင်နိုင်ရန်အလို့ငှာ "ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ"ကို မြန်မာနိုင်ငံ ရေးနေများကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ)တို့ပူးတွဲ၍ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်နေ့တွင် အောက်ပါလုပ်ငန်းစဉ်ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အောင်မြင်စွာဖွဲ့စည်းခဲ့ပါသည်။

(က) ပြည်တွင်းပြည်ပရှိမြန်မာနိုင်ငံသားအခြေခံလူထုအတွင်း ဖွံ့စည်းပုံအခြေခံဥပဒေဆိုင်ရာများကို လေ့လာလိုက်စားမှုပိုမိုများပြားလာပြီး၊ အနာဂတ်ပြည်ထောင်စုဖွံ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေး လုပ်ငန်းစဉ်များတွင် အခြေခံလူထု၏ပါဝင်ပတ်သတ်မှု ထိရောက်စွာတိုးမြင့်လာစေရန်။

(ခ) မိမိတို့ အနာဂတ်ပြည်ထောင်စုဖွံ့စည်းပုံ ပေါ်ပေါက်ရေးလုပ်ငန်းစဉ်မှန်သမျှတွင် အခြေခံဥပဒေရေးဆွဲရန်တာဝန်ရှိသူများအားလုံးစဉ်းစားနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးပေါင်းစုံအခြေခံလူထုမှအကြံပေးတင်ပြခွင့်၊ အပြန်အလှန်ဆွေးနွေးခွင့်၊ အမြင်ဖလှယ်ခွင့်ရှိစေမည့်အခြေအနေများ ဖန်တီးပေးသွားရန်။

(ဂ) အနာဂတ် ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ အခြေခံလူထုနှင့် နိုင်ငံတကာမှရနိုင်သမျှ အကြံပြုချက်များကိုစုဆောင်းကာ တာဝန်ရှိနိုင်ငံရေးခေါင်းဆောင်များ၊ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ လူထုထံသို့ ပြန်လည်တင်ပြသွားရန်။

၆။ အထက်ပါ လုပ်ငန်းစဉ်ရည်မှန်းချက်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖွဲ့စည်းလိုက်သည့် "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ"တွင် ပါဝင်တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | |
|---|---|---|
| (၁) ဒူးဝါးဇော်အောင် | ဝိုင်းမော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် | ဥက္ကဋ္ဌ |
| (၂) ဦးကျော်သွင် | ခရမ်းမြို့နယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် | အတွင်းရေးမှူး |
| (၃) ဦးခင်ကျော်ဟန် | ရေနံချောင်းမြို့နယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၄) ဦးဗိုလ်သောင်း | ယင်းမာပင်မြို့နယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၅) ဒေါက်တာမျိုးဝင်း | ကဝမြို့နယ်အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၆) ဦးတင်ထွန်းအောင် | ယင်းမာပင်မြို့နယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) ဦးအောင်ဇော်ထွေး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | တွဲဖက်အတွင်းရေးမှူး(၂)<br>အဖွဲ့ဝင် |
| (၈) ဆလိုင်းငွန်ကျုန်းလျန် | မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| (၉) ဒေါ်ဂျာဒင်း | မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| (၁၀)ဒေါ်ခင်သီတာထွန်း | မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| (၁၁) မိစုလှိုင်ထွန်း | မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ဝင် |

ဤကော်မတီ၏ဦးဆောင်မှုအောက်တွင် လုပ်ငန်းအဖွဲ့များ၌ပါဝင်တာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များ၏ စာရင်းကိုလည်း နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြအပ်ပါသည်။

၇။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့်တိုင်းရင်းသားများ၏ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အခြေခံပေါ်၌ ပြည်သူလူထုလက်ခံနိုင်မည့်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများ ပေါ်ပေါက်ရေးကို လိုလားကြသော မြန်မာပြည်သူလူထုတရပ်လုံး၊ ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအင်အားစုများ အားလုံးအနေဖြင့် ဤကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက်မေတ္တာရပ်ခံပါသည်။

၈။ ကော်မတီသည် ဤကြေညာချက်ထုတ်ပြန်သည့်နေ့မှစ၍ လူထုသဘောထား ဆန္ဒဖော်ထုတ်ရေးလုပ်ငန်းများကို တရားဝင် စတင်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ လူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ**

နေ့စွဲ ။ ။ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်။

ဆက်သွယ်ရန် ။ ။ ဥက္ကဋ္ဌ (၆၆) ၀၇ ၂၁၀-၉၅၅၄
အတွင်းရေးမှူး (၆၆) ၀၇ ၈၄၉-၂၆၂၁
(၆၆) ၀၅၅ ၅၃၂-၉၂၆

(နောက်ဆက်တွဲ)

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာလူထုသဘောထားဆန္ဒဖော်ထုတ်ရေးကော်မတီ၏ လုပ်ငန်းအဖွဲ့များ။

### ဆက်သွယ်ရေးနှင့် ပြန်ကြားရေးလုပ်ငန်းအဖွဲ့ ။

| | | |
|---|---|---|
| ၁။ ဦးသက်စိုးလွင် | အလုပ်အမှုဆောင်ကော်မတီဝင်<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | အဖွဲ့ ခေါင်းဆောင် |
| ၂။ ဦးကျော်ထင် | သုတေသနမှူး၊ အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက် | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ၃။ ဦးကြည်ဝင်း | တာဝန်ခံ၊ ပြန်ကြားရေး<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | အဖွဲ့ဝင် |
| ၄။ ဦးဇော်ဝင်းထွန်း | အလုပ်အမှုဆောင်အဖွဲ့ဝင်<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ – လူငယ်) | အဖွဲ့ဝင် |
| ၅။ ခွန်းရောဘတ် | အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက် | အဖွဲ့ဝင် |

### ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းအဖွဲ့။

| | | |
|---|---|---|
| ၁။ ဦးမြင့်သိဏ်း | အလုပ်အမှုဆောင်အဖွဲ့ဝင်<br>မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ခေါင်းဆောင် |
| ၂။ ဦးသောင်းတန်ချို | လူငယ်တာဝန်ခံ<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | အဖွဲ့ဝင် |
| ၃။ နော်အယ်လီဇာ | စာရင်းကိုင်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ဝင် |

### လူထုအစည်းအဝေးများကျင်းပရေးဆိုင်ရာလုပ်ငန်းအဖွဲ့။

| | | |
|---|---|---|
| ၁။ ဦးသောင်းတန်ချို | လူငယ်တာဝန်ခံ၊<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | အဖွဲ့ခေါင်းဆောင် |
| ၂။ ဦးထွန်းထွန်းအောင် | သုတေသနဌာန၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ၃။ ဦးထွန်းထွန်း | သင်တန်းကျောင်းအုပ်ချုပ်ရေးမှူး၊<br>မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ဝင် |
| ၄။ ဦးခင်မောင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | အဖွဲ့ဝင် |
| ၅။ နော်ခူး | အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက် | အဖွဲ့ဝင် |
| ၆။ ခိုင်စံသာအောင် | အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက် | အဖွဲ့ဝင် |
| ၇။ စောကျော်အဲတေး | အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက် | အဖွဲ့ဝင် |
| ၈။ ဦးကျော်ထွန်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်– လွတ်မြောက်နယ်မြေ<br>(လူငယ်) | အဖွဲ့ဝင် |

## မှတ်တမ်းနှင့်သုတေသန။

| | | |
|---|---|---|
| ၁။ ဒေါ်မိုးမိုး | သုတေသနဌာန၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ | အဖွဲ့ခေါင်းဆောင် |
| ၂။ ဦးတင့်ဆွေ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | ဒုတိယအဖွဲ့ခေါင်းဆောင် |
| ၃။ ဦးနိုင်ဇော်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | အဖွဲ့ဝင် |
| ၄။ ဦးနိုင်ဝင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) | အဖွဲ့ဝင် |
| ၅။ မိညာဏ်ထော | အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက် | အဖွဲ့ဝင် |
| ၆။ နော်ချိုချိုသာထက် | အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ဂရက် | အဖွဲ့ဝင် |